Mon Women's Organization

မေတ္တာ Metta Development Foundation

UNHCR The UN Refugee Agency

IOM UN MIGRATION

COVID-19 ကမ္ဘာ့ကပ်ရောဂါ နှင့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ

# မြန်မာနိုင်ငံ အရှေ့တောင်ဒေသ၏ လေ့လာဆန်းစစ်မှု



ကရင်ပြည်နယ် မြဝတီရှိ Quarantine စင်တာမှ လုပ်အားပေးတစ်ဦးသည် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားအား ကူညီပေးနေစဉ်။ © အိုင်အိုအမ် ၂၀၂၀

## ခြုံငုံသုံးသပ်ခြင်း

ဤလျင်မြန်သောအကဲဖြတ်မှုကို မွန်အမျိုးသမီးမဟာမိတ်အဖွဲ့(MWC) နှင့် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့မှ ၎င်းတို့၏မိတ်ဖက်အဖွဲ့အစည်းဖြစ်သော မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းကာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(အိုင်အိုအမ်) နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့နှင့် အနီးကပ်ညှိနှိုင်းမှုများဖြင့် ကောက်ယူခဲ့သည်။ လေ့လာအကဲဖြတ်မှုတွင် မွန်ပြည်နယ်မှ (ကျိုက်မရော၊ ရေး၊ သံဖြူဇရပ်၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံ၊ မုဒုံ နှင့် ကျိုက်ထို) ၅ မြို့နယ်၊ ပါဝင်ပြီး ကရင်ပြည်နယ်မှ ၅ မြို့နယ် (သံတောင်ကြီး၊ ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး)၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေဖြူမြို့နယ်နှင့် ကယားပြည်နယ်မှ (လွိုင်ကော်၊ ဒီမော့ဆို၊ ဖရူဆိုနှင့် ရှားတော) မြို့နယ်များ ပါဝင်သည်။[၁]

ဤလေ့လာအကဲခတ်မှု၏ ရည်ရွယ်ချက်များမှာ –

၁ နေရပ်ပြန်လာသူများနှင့် ၎င်းတို့၏ အသိုင်းအဝန်း/ ရပ်ရွာကြား တွေ့ကြုံရသော အခက်အခဲများနှင့် အနာဂါတ် ရည်မှန်းချက်များကို သိရှိနားလည်ရန်။

၂ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နေရပ်ပြန်များ ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ဖြေရှင်းရာတွင် သက်သေအထောက်အထားအခြေပြုသည့် တုန့်ပြန်မှုအား အထောက်အကူဖြစ်စေရန်။

## ရွှေ့ပြောင်းအလုပ်လုပ်ရာမှ နေရပ်သို့ ပြန်လာခြင်း

လေ့လာမှု စစ်တမ်းကောက်ယူသော နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ၂,၃၁၁ ဦးအနက် ၇၁၀ ဦး (အမျိုးသမီး ၃၇၃ ဦး၊ အမျိုးသား ၃၃၆ ဦး နှင့် ဖြေဆိုသူ "အခြား" တစ်ဦး) တို့သည် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ပါဝင်သော မြန်မာနိုင်ငံ၏ အရှေ့တောင်ဒေသသို့ ပြန်လာခဲ့ကြသည်။[၂] အဆိုပါ နေရပ်ပြန်များ၏ ၃၀% ခန့်သည် မွန်လူမျိုးဖြစ်ကြပြီး၊ ၂၇% မှာ ကရင်လူမျိုးများ၊ ၁၃% မှာ "အခြား" သော လူမျိုးများ၊ ၁၂% မှာ ဗမာလူမျိုးများဖြစ်ကြပြီး ၁၁% မှာ ကယားလူမျိုးများဖြစ်ကြသည်။

[၁] စစ်တမ်းကောက်ယူမှုတွင် အသုံးပြုခဲ့သည့် နည်းစနစ်အသေးစိတ်နှင့် လေ့လာတွေ့ရှိချက် အပြည့်အစုံကို အစီရင်ခံစာတွင် ကြည့်ရှုပါရန်။

[၂] တင်ပြပုံအစီရင်ခံစာ ရည်ရွယ်ချက်အတွက် ရာခိုင်နှုန်း ကိန်းဂဏန်းများကို ရာနှုန်းပြည့် အနီးစပ်ဆုံး အတိုချုပ်ဖော်ပြထားပါသည်။ ဒသမကိန်းများကြောင့် ၁၀၀ ရာခိုင်နှုန်း အပြည့် မဖော်ပြနိုင်ခြင်းဖြစ်ပါသည်။

Funding for this assessment was provided by the Livelihoods and Food Security Fund (LIFT)

Livelihoods and Food Security Fund

managed by UNOPS

ကျန်ရှိသော စစ်တမ်းဖြေဆိုသူများသည် တိုင်းရင်းသားများပေါင်းစပ်ထားသည့် လူမျိုးစုဝင်များဖြစ်သည်ဟု ဖော်ပြကြသည်။[၃] ဤဒေသသို့ ပြန်လာကြသော နေရပ်ပြန်များ၏ ၉၀% ကျော်သည် နိုင်ငံရပ်ခြားမှ ပြန်လာသောသူများဖြစ်ကြသည်။

အရှေ့တောင်ဒေသသို့ ပြန်လာကြသော နေရပ်ပြန်များ၏ ၃၀% (အမျိုးသား ၃၇% နှင့် အမျိုးသမီး ၃၀%) တို့မှ COVID–19 ကြောင့် အလုပ်အကိုင်ဆုံးရှုံးသဖြင့် နေရပ်ပြန်ကြခြင်းဖြစ်ကြောင်း ဖြေကြသည်။ ၁၉% မှ ၎င်းတို့ ပြန်လာရခြင်းမှာ ကမ္ဘာ့ကပ်ရောဂါနှင့်မသက်ဆိုင်ကြောင်းဖြေဆိုပြီး၊ ၁၄% မှ ကြောက်လန့်ကြသောကြောင့် ထွက်ပြေးကြခြင်းဖြစ်ကြောင်းဖြေဆိုသည်။ နောက်ထပ် ၃၃% မှ ၎င်းတို့ ပြန်လာရခြင်းမှာ “အခြား” အကြောင်းအရာများကြောင့်ဖြစ်သည်ဟု ကိုးကားဖြေဆိုကြသည်။ ၎င်းတွင် ၆% မှာ သက်ကြီးအားလပ်ရက် ပြန်လာခြင်း၊ ၅% မှာ ၎င်းတို့၏မိသားစုများမှ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြန်လာခိုင်းခြင်း၊ ၃% မှာ ၎င်းတို့နေထိုင်သော ခရီးဆုံးနိုင်ငံတွင် အခက်အခဲများ တိုးများလာခြင်းနှင့် ၁၉% မှာ စစ်တမ်းမေးခွန်းတွင် ပါဝင်ခြင်းမရှိသော အခြားအကြောင်းအရာများကြောင့်ဟု ဖြေဆိုကြသည်။


အထူးသဖြင့် အလုပ်အကိုင်ဆုံးရှုံးမှုနှင့်ပတ်သက်၍ နေရပ်ပြန်ရန် အကြောင်းပြချက်သည် လူမျိုးစုအလိုက် ကွဲပြားမှုအချို့ရှိခဲ့သည်။ ဗမာလူမျိုးများ၏ ၃၄%၊ မွန်လူမျိုးများ၏ ၂၇% နှင့် ကရင်လူမျိုးများ၏ ၄၀% တို့မှ ၎င်းတို့နေရပ်ပြန်လာရခြင်းမှာ COVID–19 ကြောင့် အလုပ်အကိုင်းဆုံးရှုံးခဲ့ရသောကြောင့်ဟု ဖြေဆိုကြသည်။

နေရပ်သို့ ပြန်မလာမီ အရှေ့တောင်ဒေသမှ ရွှေ့ပြောင်းလုပ်သား ၁၉% (အမျိုးသား ၁၆% နှင့် အမျိုးသမီး ၂၁%) မှ မြင့်တက်လာသော စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ တွေ့ကြုံခံစားခဲ့ကြရသည်ဟုဖြေပြီး၊ အမျိုးသား၊ အမျိုးသမီး ၉% မှ ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရသည်ဟု ဖြေကြသည်။ (**ဇယား – ၁** ကိုကြည့်ရန်) ဖြေဆိုသူ ၄% မှ ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်း သို့မဟုတ် အကြမ်းဖက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းတို့ အပါအဝင် အချို့သော ထိပါးနှောက်ယှက်မှု ပုံစံအချို့ကို ကြုံတွေ့ရသည်ဟု ဖြေကြသည်။ ၆% မှ စစ်တမ်းတွင်ဖော်ပြထားသော အချက်များအပြင် အခြားအဖြစ်အပျက်များကို ကြုံရသည်ဟုဖြေပြီး၊ ၂% မှ လူမှုဝန်ဆောင်မှုများ လက်လှမ်းမှီမှု လျော့ကျသွားသည်ဟု ဖြေကြသည်။ စစ်တမ်းဖြေဆိုသူများ၏ ၆၀% မှ စစ်တမ်းပါ ရွေးချယ်စရာများသည် ၎င်းတို့နှင့် မကိုက်ညီပါဟု ဖြေကြသည်။

ထပ်မံ၍ တိုင်းရင်းသားလူမျိုးစုအလိုက် အတွေ့အကြုံများ သိသိသာသာကွဲပြားမှုများရှိခဲ့ရာ နေရပ်မပြန်မီ ကာလတွင် မွန်လူမျိုးများ၏ ၃၂% သည် ဗမာလူမျိုးများ ၁၇% နှင့် ကရင်လူမျိုးများ ၁၅% နှင့်ယှဉ်ပါက စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများခံစားနိုင်ခြေပိုများသည်။ ၆၂% သော ဗမာလူမျိုးများ၊ ၆၀% သော ကရင်လူမျိုးများနှင့် ၄၃% သော မွန်လူမျိုးများမှ စစ်တမ်းပါ ထိပါးနှောက်ယှက်မှုဆိုင်ရာ အချက်များသည် ၎င်းတို့နှင့် ကိုက်ညီမှုမရှိဟုဖြေကြသည်။

မြန်မာနိုင်ငံအရှေ့တောင်ဒေသသို့ ပြည်လည်ရောက်ရှိပြီးသည့် အချိန်မှစ၍ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများတိုးများလာသည်ဟု ရွှေ့ပြောင်းလုပ်သားများက ဆိုသည်။ နေရပ်ပြန်များ၏ ၂၁% (အမျိုးသား ၁၉% နှင့် အမျိုးသမီး ၂၃%) မှ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ တိုးများလာသည်ကို ခံစားကြရပြီး၊ ၁၁% (အမျိုးသား ၁၁% နှင့် အမျိုးသမီး ၁၂%) မှ ခွဲခြားဆက်ဆံမှုများခံစားကြရသည်ဟု ဆိုသည်။ ၄% မှ အချို့သောစိတ်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ၊ ခြိမ်းခြောက်မှုများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်းများ ကြုံရသည်

ဇယား (၁) နေရပ်မပြန်မီကာလ အတွေ့အကြုံများ




[၃] ဖြေဆိုသူအများစုကို မွန်၊ ကရင်၊ ဗမာ သို့မဟုတ် ကယား ဟူ၍ သတ်မှတ်ကြသော်လည်း အခြားသူများမှာမူ ဗမာ–ကရင် သို့မဟုတ် ချင်း–ကရင် ကဲ့သို့သော ပေါင်းစပ်လူမျိုးစုအဖြစ် သတ်မှတ်ကြသည်။ ထို့ပြင် စာပိုဒ်ထဲတွင် ဖော်ပြထားသည့်အတိုင်း မြင့်မားသည့်အချိုးအစားများကို စစ်တမ်းကောက်ယူချက်တွင် ဖော်ပြထားခြင်းမရှိသည့် လူမျိုးစုများ သို့မဟုတ် ပေါင်းစပ်လူမျိုးစုများကို ရည်ညွှန်းထားသည့် “အခြား” အနေဖြင့် သတ်မှတ်ထားသည်။

ဟုဆိုကာ၊ ၃% မှ "အခြား" သော စိန်ခေါ်မှုများ ကြုံရပြီး၊ ၂% မှ လူမှုဝန်ဆောင်မှုများ လက်လှမ်းမှီမှု လျော့နည်းသွားကာ ၅၉% မှ မည်သည့်ထိပါးနှောက်ယှက်မှုမှ မကြုံရဟု ဖြေကြသည်။

မိမိတို့နေရပ်သို့ ပြန်လည်ရောက်ရှိသည့်အချိန်မှစ၍ မတူကွဲပြားသော လူမျိုးစုများအကြားတွင် အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာဖိစီးမှုနှင့်ပတ်သက်၍ ကွဲပြားသောစိန်ခေါ်မှုများကိုတွေ့ကြုံကြသည်။ ၂၆% သော ဗမာ လူမျိုးများနှင့် ၃၄% သော မွန်လူမျိုးများသည် ကရင်လူမျိုး ၁၇% ထက်ပို၍ ၎င်းတို့နေရပ်သို့ ပြန်လည်ရောက်ရှိသည့် အချိန်မှစပြီး စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများ တိုးများလာသည်ဟုဆိုသည်။ ခွဲခြားဆက်ဆံခံရမှု အဆင့်မှာမူ တိုင်းရင်းသားလူမျိုးစုများအကြားအတွင် အလားတူပင်ဖြစ်ပြီး၊ ဗမာလူမျိုး ၁၅%၊ ကရင်လူမျိုး ၁၅% နှင့် မွန်လူမျိုး ၁၄% တို့မှာ ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ကြရသည်ဟု ဖြေကြသည်။ အထူးသဖြင့် ကယားလူမျိုးများသည် အဆိုပါ စိန်ခေါ်မှုများကြုံတွေ့နိုင်ခြေမရှိပဲ၊ ကယားလူမျိုး ၉၇% သည် ကရင်လူမျိုး ၆၃% နှင့်ယှဉ်ပါက အဆိုပါ စိန်ခေါ်မှုများသည် ၎င်းတို့နှင့် ကိုက်ညီမှု မရှိဟုဖြေကြသည်။


အရှေ့တောင်ဒေသမှ နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ၉၀% ကျော်သည် ၎င်းတို့နေရပ်ပြန်ရောက်သည် နှင့် နေအိမ်တွင်ဖြစ်စေ သို့မဟုတ် ရပ်ရွာရှိအသွားအလာကန့်သတ်ထားသောနေရာများတွင် ဖြစ်စေ Quarantine ဝင်ရန်တောင်းဆိုမှုခံခဲ့ကြရသည်။ (ကျန်ရှိသော ဖြေဆိုသူများမှ ထိုခဲ့သို့ Quarantine ဝင်ရန် တောင်းဆိုမှုခံခဲ့ကြရသည်ကို မမှတ်မိပါ သို့မဟုတ် Quarantine ဝင်ရန်မလိုအပ်ခဲ့ကြပါ။) အလားတူပင် အချိုးအစားများသော နေရပ်ပြန် ၉၀% မှ Quarantine ဝင်ကြရကြောင်းဖြေကြသည်။ ရပ်ရွာရှိ အသွားအလာ ကန့်သတ်ထားသောနေရာတွင် Quarantine ဝင်နေကြသော အမျိုးသားနှင့် အမျိုးသမီး ၂၂% မှ အဆိုပါ နေရာတွင် အကာအကွယ်ပစ္စည်းများနှင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ လုံလောက်မှု မရှိဟုဖြေပြီး၊ ၁၂% မှ နေရပ်ပြန်များအတွက် အစားအသောက်လုံလောက်မှုမရှိဟုဖြေကာ၊ ၁၁% မှ သင့်တင့်လျောက်ပတ်သော အသွားအလာကန့်သတ်မှုများအတွက် ၎င်းအဆောက်အဦးများမှာ သင့်လျော် မှုမရှိဟုဖြေကြသည်။

## စီးပွားရေးအခြေအနေ

ရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်လာသည့် အချိန်မှစ၍ မိမိတို့၏ အိမ်ထောင်စုများသည် ဝင်ငွေဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရပြီး၊ အရှေ့တောင်ဒေသသည် စီးပွားရေး နှင့် လူမှုရေးစိန်ခေါ်မှုရလဒ်များအတွက် ခြွင်းချက်မဖြစ်ခဲ့ပါ။ အရှေ့တောင်ဒေသမှ စစ်တမ်းဖြေဆိုသူ ၅၉% (အမျိုးသား ၅၇% နှင့် အမျိုးသမီး ၆၀%)မှ ၎င်းတို့ မိသားစုများအတွက် တစ်ခုတည်းသော အဓိကဝင်ငွေဖြစ်သည့် လွှဲပို့ငွေများ ဆက်လက် လက်ခံရရှိခြင်းမရှိတော့ ဟုဖြေသည်။ (**ဇယား -၂ ကို ကြည့်ရန်။**) ၂၀% (အမျိုးသား ၂၂% နှင့် အမျိုးသမီး ၁၉%)မှ လွှဲပို့ငွေသည် ၎င်းတို့အတွက် တစ်ခုတည်းသော ဝင်ငွေဖြစ်ပြီး အရင်ကထက် လျော့နည်းစွာလက်ခံရရှိကြသည်ဟုဆိုကာ၊ ၁၄% (အမျိုးသား ၁၅% နှင့် အမျိုးသမီး ၁၃%) မှ လွှဲပို့ငွေမှာ ၎င်းတို့အတွက် အဓိကဝင်ငွေ မဟုတ်ဟု ဖြေကြသည်။

လွှဲပို့ငွေများအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုမှာ တိုင်းရင်းသားမျိုးနွယ်စုအလိုက် ကွဲပြားသည် (**ဇယား - ၃** ကို ကြည့်ပါ)။ ဗမာလူမျိုး ၇၉% ၊ မွန်လူမျိုး ၆၅%၊ ကရင်လူမျိုး ၆၀% နှင့် ကယားလူမျိုး ၃၈% မှ ၎င်းတို့အိမ်ထောင်စုအတွက် တစ်ခုတည်းသော အဓိကဝင်ငွေဖြစ်သည့် လွှဲပို့ငွေကို ဆက်လက် လက်ခံရရှိခြင်းမရှိတော့ဟုဆိုသည်။ ဗမာလူမျိုး ၁၂% ၊ မွန်လူမျိုး ၂၇%၊ ကရင်လူမျိုး ၁၇% နှင့် ကယားလူမျိုး ၂၆% တို့မှ လွှဲပို့ငွေသည် ၎င်းတို့အတွက် တစ်ခုတည်းသော အဓိကဝင်ငွေဖြစ်ပြီး ယခင်ကထက် လျော့နည်းစွာ လက်ခံရရှိကြသည်ဟု ဖြေသည်။

**ဇယား (၂) လွှဲပို့ငွေ**




လွှဲပို့ငွေဆုံးရှုံးမှုသည် ရွှေ့ပြောင်းလုပ်သားများ၊ ၎င်းတို့၏မိသားစုများ နှင့် ရပ်ရွာလူထုများအပေါ် နည်းလမ်းများစွာဖြင့် သက်ရောက်မှုများ ရှိနေသည်။ ရေရှည်တည်တံ့သော စီးပွားရေးလှုပ်ခတ်မှုများကို ခံနိုင်ရည်ရှိခြင်းသည် ဒေသတစ်ခု နှင့် တစ်ခု၊ အိမ်ထောင်စုတစ်ခုနှင့် တစ်ခု ကွဲပြားသည်။ အရှေ့တောင်ဒေသမှ စစ်တမ်းကောက်ခဲ့သော အမျိုးသား၊ အမျိုးသမီး ၅၄% မှ ၎င်းတို့တွင် ငွေကြေးစုဆောင်းခြင်း မရှိဟုဖြေသည်။ ၃၆% မှ ၎င်းတို့တွင် ငွေကြေးစုဆောင်းထားသော်လည်း ထုတ်ယူသုံးစွဲရမှု ပိုမိုတိုးမြင့်တက်လာသည်ဟု ဆိုသည်။ ၁၀% မှ ငွေကြေးစုဆောင်းထားသော်လည်း သုံးစွဲရန်မလိုအပ်ဟု ဖြေသည်။ ဤမေးခွန်းနှင့်ပတ်သက်၍ အမျိုးသား နှင့် အမျိုးသမီးများ၏ အဖြေများမှာ တူညီမှုရှိသည်။


စုဆောင်းငွေပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုသည် လူမျိုးစုအားလုံးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိသည်။ ဗမာ၊ ကယားနှင့် မွန်လူမျိုးများ၏ ၉၀% နှင့် ကရင်လူမျိုး ၈၁% မှ ၎င်းတို့တွင် ငွေကြေးစုဆောင်းထားခြင်းမရှိ သို့မဟုတ် ထုတ်ယူသုံးစွဲရမှု ပိုမိုတိုးမြင့်တက်လာသည်ဟု ဖြေသည် (**ဇယား - ၄** ကို ကြည့်ရန်)။ မွန်လူမျိုးများသည် အခြားတိုင်းရင်းသားများထက် အနည်းငယ် ပိုမိုစုဆောင်းမှုရှိပြီး ၎င်းတို့အနေဖြင့် စုဆောင်းငွေများကို ပိုမိုထုတ်ယူသုံးစွဲနေရပါသည်။

ပြင်ပအရင်းအမြစ်များကို ရှာဖွေနေကြရသည်။ ငွေကြေးချေးယူခြင်းသည် ဖြစ်ပေါ်လာသော ဝင်ငွေကွာဟမှုကို ဖြည့်ဆည်းနိုင်ရန် အတွက်ဖြစ်သော်လည်း အချို့ကိစ္စရပ်များတွင် အိမ်ထောင်စုများ၏ လက်ရှိကြွေးမြီများကို ပိုမိုဆိုးရွားစေသည် (**ဇယား - ၅** ကိုကြည့်ရန်)။ စစ်တမ်းကောက်ထားသော အရှေ့တောင်ဒေသမှ နေရပ်ပြန်များ ၂၁% (အမျိုးသား၁၉% နှင့် အမျိုးသမီး ၂၃%) မှ ၎င်းတို့အိမ်ထောင်စုများတွင် ကြွေးမြီများ ရှိပြီး၊ ကမ္ဘာ့ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ စ၍ ပိုမိုဆိုးရွားလာခဲ့သည် ဟုဆိုသည်။ ၁၇% (အမျိုးသား ၁၉%နှင့် အမျိုးသမီး ၁၆%) မှ ၎င်းတို့တွင် ကြွေးမြီများရှိသော်လည်း ကပ်ရောဂါကြောင့် သက်ရောက်မှု မရှိဟုဖြေပြီး၊ နေရပ်ပြန် ၆၁% (အမျိုးသား ၆၂% နှင့် အမျိုးသား ၆၁%) တို့မှ ၎င်းတို့ မိသားစုတွင် ကြွေးမြီများမရှိဟု ဆိုသည်။

## ဇယား (၃) တိုင်းရင်းသားအုပ်စုအလိုက် လွှဲပို့ငွေ၏သက်ရောက်မှု



## ဇယား (၄) တိုင်းရင်းသားအုပ်စုများအကြားငွေစုအဆင့်





ကမ္ဘာ့ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ကြွေးမြီအခြေအနေများ ပိုမိုဆိုးရွားလာသည်ဟုဖြေဆိုသူများတွင် ဗမာ နှင့် မွန်လူမျိုး (၂၆%) အချိုးအစားသည် အခြားတိုင်းရင်းသားမျိုးနွယ်စုများထက် ပိုများသည်။ သို့ရာတွင် စစ်တမ်းဖြေဆိုသူများမှ သိသာသော အချိုးအစားများဖြစ်သော ကရင်လူမျိုး (၇၁%)၊ ဗမာလူမျိုး (၆၇%)၊ ရှမ်းလူမျိုး (၆၂%) နှင့် မွန်လူမျိုး (၅၉%) တို့မှ ၎င်းတို့တွင် ကြွေးမြီများမရှိဟု ဖြေပြီး ကယားလူမျိုး (၅၅%)ကသာလျှင် ၎င်းတို့တွင် ကြွေးမြီများမရှိဟုဆိုသည်။

အရှေ့တောင်ဒေမှ ထပ်မံရွှေ့ပြောင်းရန်အစီအစဉ်ရှိသော နေရပ်ပြန်များ၏ ၇၆% (အမျိုးသား ၇၄% နှင့် အမျိုးသမီး ၇၈%) တို့မှ တတ်နိုင်သမျှ အစောဆုံးထပ်မံရွှေ့ပြောင်းနိုင်ရန် စီစဉ်နေသည်ဟုဖြေကာ၊ ၅% မှ လာမည့်နှစ်အတွင်း ထပ်မံရွှေ့ပြောင်းရန် နှင့် ၃% မှ လာမည့် (၁)လမှ (၃)လအတွင်း ထပ်မံရွှေ့ပြောင်းရန် စီစဉ်ကြသည်ဟု ဖြေသည်။

အရှေ့တောင်ဒေသမှ ထပ်မံရွှေ့ပြောင်းရန်အစီအစဉ်ရှိသော နေရပ်

## ဇယား (၅) ကြွေးမီအခြေအနေအား အမျိုးသား အမျိုးသမီးအလိုက် လေ့လာခြင်း




## ရည်ရွယ်ချက်များ

ကမ္ဘာ့ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေသည်နှင့်အမျှ ရွှေ့ပြောင်းလုပ်သားများသည် ရှေ့ဆက်ဘာလုပ်ကြမည်ကို စဉ်းစားနေကြရသည်။ အရှေ့တောင်ဒေသမှ စစ်တမ်းကောက်ယူသော နေရပ်ပြန် ၄၀၈ ဦး သို့မဟုတ် ၅၇% (အမျိုးသား ၅၆% နှင့် အမျိုးသမီး ၅၉%) တို့မှ ၎င်းတို့သည် ထပ်မံရွှေ့ပြောင်းကြရန် အစီအစဉ်ရှိသည်ဟု ဖြေသည်။ မွန်ပြည်နယ်တွင် ဖြေဆိုသူ ၇၁% မှ ထပ်မံရွှေ့ပြောင်းရန် အစီအစဉ်ရှိသည်ဟုဖြေကာ တနင်္သာရီတိုင်းဒေသကြီးတွင် ၆၀% ၊ ကရင်ပြည်နယ်တွင် ၅၆% နှင့် ကယားပြည်နယ်တွင် ၃၆% တို့မှ ထပ်မံရွှေ့ပြောင်းရန် အစီအစဉ်ရှိ သည်ဟုဆိုသည်။

ပြန် ၈၂% (အမျိုးသား ၇၉% နှင့် အမျိုးသမီး ၈၆%) တို့မှ ၎င်းတို့အရင်က အလုပ်လုပ်ခဲ့သောနေရာတွင် ပြန်လည်လုပ်ကိုင်ရန် ရည်ရွယ်ထားကြသည် ဟုဖြေသည်။ ၈၀% မှ ကပ်ရောဂါမဖြစ်ပွားမီက ၎င်းတို့လုပ်ခဲ့သော အလုပ်အကိုင်အမျိုးအစားများကို ပြန်လည်လုပ်ကိုင်မည်ဟုဆိုသည်။ အရှေ့တောင်ဒေသမှ ထပ်မံရွှေ့ပြောင်းရန် အစီအစဉ်မရှိသော နေရပ်ပြန်အမျိုးသား နှင့် အမျိုးသမီး ၄၃%မှ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လုပ်မည်ဟု ဖြေသည်။ ၁၉% (အမျိုးသား ၂၆% နှင့် အမျိုးသမီး ၁၃%) မှ ကြုံရာကျပန်းအလုပ်လုပ်မည်၊ ၁၈% မှ စစ်တမ်းတွင် ဖော်ပြခြင်းမရှိသော အလုပ်အကိုင် အမျိုးအစားများကို လုပ်ကိုင်မည်၊ ၇% မှ ၎င်းတို့၏ မိသားစုစီးပွားရေးကို ကူညီလုပ်ကိုင်

သွားမည်ဟုဖြေကာ ကျန်သည့် ၅% မှ မည်သည့် အလုပ်အကိုင်လုပ်မည်ကို မသိကြဟု ဖြေကြသည်။

နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများ နှင့် ၎င်းတို့၏မိသားစုများသည် COVID-19 နှင့်သက်ဆိုင်သည့် ခရီးသွားလာခွင့်ကန့်သတ်ချက်များအား ရုပ်သိမ်းခြင်း သို့မဟုတ် ဖြေလျှော့ခြင်းများနှင့်ပတ်သက်ပြီး ဘာတွေဖြစ်မည်ကို စောင့်ကြည့်နေစဉ် ဝင်ငွေအရင်းအမြစ်မရှိဘဲ နေထိုင်ရခြင်း အခက်အခဲကိုဖြေရှင်းရန် ကူညီနိုင်သည့် လတ်တလော လိုအပ်ချက်များရှိနေပါသည်။ အရှေ့တောင်ဒေသမှ စစ်တမ်းကောက်ခဲ့သော အမျိုးသား နှင့် အမျိုးသမီး ၁၅% မှ ၎င်းတို့တွင် အစားအသောက်အထောက်အပံ့ အရေးတကြီးလိုအပ်သည်ဟုဖြေပြီး၊ ၁၅% မှ အသက်မွေးဝမ်းကျောင်းအထောက်အပံ့နှင့် ၁၃% မှ နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများ အရေးတကြီးလိုအပ်မှုရှိသည်ဟုဖြေဆိုကြသည်။ ကျန်ရှိသည့် ၉% မှ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည်ဟုဖြေသည်။ ၉% မှ နေရာထိုင်ခင်း၊ ၉% မှ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု၊ ၉% မှ ကျန်းမာရေးစောင့်ရှောက်မှု၊ ၉% မှ အဝတ်အစားနှင့် ၈% မှ ဥပဒေဆိုင်ရာ အထောက်အပံ့များစသည့် လတ်တလော လိုအပ်မှုများရှိသည်ဟု အမျိုးသားနှင့် အမျိုးသမီး ဖြေဆိုသူအားလုံးမှ တူညီသည့် လိုအပ်ချက်များရှိသည်ဟု ဖော်ပြခဲ့ပါသည်။

အခြေအနေများ တိုးတက်ကောင်းမွန်လာပါက နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် လက်ငင်း လိုအပ်ချက်များအပြင်၊ စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များလည်း ထောက်ပံ့ရန် လိုအပ်သည်။ အရှေ့တောင်ဒေသမှ စစ်တမ်းကောက်ယူခဲ့သော နေရပ်ပြန် အမျိုးသားနှင့် အမျိုးသမီးများ ၂၃% မှ နိုင်ငံခြားအလုပ်အကိုင်နှင့် ထပ်မံရွှေ့ပြောင်းခြင်းဆိုင်ရာ ထောက်ပံ့မှုက ၎င်းတို့အတွက် အကြီးမားဆုံးလိုအပ်ချက်ဟု ဖော်ပြခဲ့သည်။ ၁၅% မှ စီးပွားရေးလုပ်ငန်းစတင်ခြင်းက ၎င်းတို့အတွက် အကျိုးရှိမည်ဟုဖြေကာ ၁၃% မှ ၎င်းတို့ ဇာတိမြို့တွင် အလုပ်အကိုင်ရှာဖွေခြင်းက အကျိုးအရှိဆုံးဖြစ်မည်ဟုဖြေကာ ၁၁% မှ ၎င်းတို့ရပ်ရွာအတွက် စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများက အကျိုးရှိမည်ဟု ဖြေသည်။ ကျန်ရှိသည့် ၁၁% မှ သက်မွေးပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ ၁၀% မှ မြန်မာနိုင်ငံရှိ အခြားသောနေရာများတွင် အလုပ်အကိုင်ရှာဖွေရာတွင် အကူအညီပေးခြင်းနှင့် ၉% မှ စိတ်ပိုင်းဆိုင်ရာ နှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များက ၎င်းတို့အတွက် အကျိုးရှိမည်ဟု ဖြေကြသည်။


စေတနာ့ဝန်ထမ်းများသည် ကရင်ပြည်နယ်ရှိ မြဝတီ quarantine စင်တာတွင် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများအတွက် သောက်သုံးရေ စီစဉ်ပေးနေစဉ်။ © အိုင်အိုအမ် ၂၀၂၀

## နိဂုံး

အရှေ့တောင်ဒေသမှ နေရပ်ပြန် ရွှေ့ပြောင်းလုပ်သားများ၏ အတွေ့အကြုံများအပေါ် တွေ့ရှိချက်များမှ ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် အလုပ်အကိုင်ဆုံးရှုံးမှု၊ လွှဲပို့ငွေဆုံးရှုံးမှုများနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကြောင့် စီးပွားရေး အရနှင့် လူမှုရေးအရ ထိခိုက်မှုများရှိသည်ကို ညွှန်ပြနေသည်။ စစ်တမ်းကောက်ယူသော ရွှေ့ပြောင်းလုပ်သားများ၏ သုံးပုံ တစ်ပုံ သည် ကူးစက်ရောဂါကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုကြောင့် ပြန်လာကြသည်ဟု ဆိုသည်။ နေရပ်ပြန်များသည် မိမိနေရပ်သို့ မပြန်လာမီ နှင့် ပြန်လာပြီး နောက်ပိုင်းတွင် စိတ်ပိုင်းဆိုင်ရာဖိစီးမှုနှင့် ခွဲခြားဆက်ဆံမှုများ တိုးမြင့်လာသည်ဟု အထူးသဖြင့် ဗမာလူမျိုး၊ မွန်လူမျိုးနှင့် ကရင်လူမျိုးများမှ ဖြေသည်။ အလုပ်အကိုင်နှင့် ဝင်ငွေဆုံးရှုံးခြင်းက အဆိုပါ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို ဖြစ်ပေါ်စေသည်။ ကရင်၊ မွန်နှင့် ဗမာလူမျိုးများ ၆၀% ၏ အိမ်ထောင်စုများမှ ၎င်းတို့အတွက် တစ်ခုတည်းသော အဓိကဝင်ငွေဖြစ်သည့် လွှဲပို့ငွေများကို ဆက်လက်လက်ခံရရှိခြင်းမရှိတော့ဟု ဖြေကြသည်။ အရှေ့တောင်ဒေသမှ နေရပ်ပြန် ၇၅% မှ ၎င်းတို့ ပြန်လာခြင်းသည် ယာယီသာဖြစ်သည်ဟု မြင်ပြီး လေးပုံ တစ်ပုံခန့်မှ နိုင်ငံခြားအလုပ်အကိုင်ရှာဖွေခြင်းနှင့် ထပ်မံရွှေ့ပြောင်းရန်အတွက် အထောက်အပံ့များက ၎င်းတို့အတွက် အကျိုးရှိမည်ဟု ဖြေသည်။ ထို့ကြောင့် ရွှေ့ပြောင်းသွားလာခြင်းသည် ဤဒေသရှိ အိမ်ထောင်စုများအတွက် အဓိကဆင်းရဲနွမ်းပါးမှု လျှော့ချရေးဗျူဟာကို ဆက်လက် ကိုယ်စားပြုဖွယ်ရှိသည်။


**ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)**

လိပ်စာ – အမှတ် (၅၀/ခ)၊ သီရိမင်္ဂလာ ၂ လမ်း၊ (၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ မြန်မာ။

ဖုန်း – (+၉၅) ၉ ၇၃၂၃၆၆၇၉–၈၀၊ (+၉၅) ၁ ၅၃၂၂၇၉၊ ၅၂၃၅၀၉ ဖက်စ် – (+၉၅) ၁ ၅၃၂၂၇၉ အီးမေးလ် – iomyangon@iom.int

ဝက်ဘ်ဆိုဒ် – myanmar.iom.int/en ဖေ့စ်ဘွတ်ခ် – facebook.com/MissMigration